# လန်ချမ်းမြစ် – မဲခေါင်မြစ်မြစ်ဝှမ်းဒေသ ယဉ်ကျေးမှုအနုပညာဆွဲဆောင်မှုကိုအတူပြသ




လတ်တလောရက်ပိုင်းတွင် ၂၀၁၆ ခုနှစ် လန်ချမ်းမြစ်မဲခေါင်မြစ် မြစ်ဝှမ်းဒေသ နိုင်ငံတော်များယဉ်ကျေးမှု အနုပညာပွဲတော်ကို ယူနန်ပြည်နယ်စစ်ဆောင်ပန်းနား တိုင်တိုင်းရင်းသားကိုယ်ပိုင်အုပ်ချုပ်ရေးပြည်နယ်ခွဲတွင် ကျင်းပခဲ့သည်။

ယခုအကြိမ်ယဉ်ကျေးမှုအနုပညာပွဲတော်သည်-ချစ်ခင်ရင်းနှီးမှု၊ စေတနာဖြူစင်မှု၊ အကျိုးဖြစ်ထွန်းစေမှု၊ သဘောတားကြီးမှုနှင့်အတူတကွပူးပေါင်းဆောင်ရွက်ပြီး အောင်မြင်မှုရလဒ်ရရှိခြင်းကို အဓိကအကြောင်းအရာအဖြစ်သတ်မှတ်ကာ အစီအစဉ်များလှသည်။ စစ်ဆောင်ပန်းနားနိုင်ငံတကာခေတ်ပုံပြပွဲ၊ အနုပညာကုန်စည်ပြပွဲ၊ အရှေ့တောင်အာရှရိုးရာခလေ့ယဉ်ကျေးမှုပြပွဲ၊ တိုင်းရင်းသားဝတ်စုံပြပွဲစသည့် အစီအစဉ်(၁၂)ရပ် ရှိပါသည် ။ ယခင်ပြပွဲများနှင့်ယှဉ်ကြည့်ပါက ကြီးကျယ်ခန်းနားမှု၊ အနှစ်သာရပါဝင်မှုများအားလုံးသည် လူကိုတဖန်သစ်လွင်စေပါသည်။

(၃)ရက်ကြာအစီအစဉ် ကာလအတွင်းတွင် တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်စသည့် နိုင်ငံ(၁၆)နိုင်ငံမှ ယဉ်ကျေးမှုသံတမန်အရာရှိများ၊ ယဉ်ကျေးမှုအနုပညာအသင်းအဖွဲ့နှင့် အနုပညာရှင်များသည် ယဉ်ကျေးမှုအနုပညာ ဖလှယ်ရေးများကို ကျယ်ပြန့်စွာ ပြုလုပ်ခဲ့ကြသည်။

သတင်းထောက်ချွန်ချယ်၊ လီရမ်

# ယူနန်တွင် ကမ္ဘာ့အဆင့်တိုင်းရင်းသားယဉ်ကျေးမှု မျိုးရိုးဗီဇသိုက်ကိုတည်ထောင်သည်

《နာရှီးတုံပါရှေးစာပေ》၊ 《တရုတ်နိုင်ငံပေရွက်ကျမ်းစာပေါင်းချုပ်》၊ 《ရီတိုင်းရင်းသားပီမောကျမ်း ကောက်နုတ်ချက်ဘာသာပြန်စာအုပ်》တို့ အခန်း(၁၀၀)ကျော်ကို အောင်မြင်စွာပုံနှိပ်ထုတ်ဝေခဲ့သည်နှင့်အညီ ယူနန်သည်တိုင်းရင်းသားရှေးစာပေ ကယ်ဆယ်ကာကွယ်ရေးစီမံကိန်းကို နှစ်ပေါင်း(၃၀)ကြာစဉ်ဆက်မပြတ် လုပ်ဆောင်လာခဲ့ရာတွင် အရေးပါသောရလဒ်များကို ရရှိခဲ့ပါသည်။ မှတ်တမ်းများအရ ယူနန်သည် အဆိုပါယဉ်ကျေးမှုစီမံကိန်းအတွက် ထည့်သွင်းထားသော ငွေကြေးပမာဏသည် တရုတ်ယွမ်ငွေသန်းပေါင်း(၁၀၀)ကျော်ရှိသည်ဟု သိရပါသည်။

တိုင်းရင်းသားရှေးစာပေသုတေသနပညာရှင်ဖူရှင်ဝမ်၏ မိတ်ဆက်ခြင်းအရ ယူနန်တိုင်းရင်းသားစာတမ်းရှေးစာပေပမာဏသည် စုစုပေါင်းအုပ်ရေ(၁)သိန်းအုပ်(ခု)ကျော်ရှိပါသည်။ အလွန်ကြွယ်ဝသော နှုတ်ဖြင့်ခေတ်အဆက်ဆက်ထားရစ်ခဲ့သော တိုင်းရင်းသားယဉ်ကျေးမှုစာတမ်း အမွေအနှစ်များလည်း ရှိပါသည်။ စာပေများသည် နိုင်ငံရေး၊ စီးပွားရေး၊ ဒဿနိကဗေဒ၊ ဥပဒေ၊ သမိုင်း၊ ဘာသာရေး၊ စစ်ရေး၊ စာပေ၊ အနုပညာ၊ ဘာသာစကား၊ စာလုံး၊ ပထဝီ၊ နက္ခဗေဒ၊ ပြက္ခဒိန်တွက်နည်း၊ ဆေးကုသမှုစသည့် သိပ္ပံနည်းပညာကဏ္ဍ အပိုင်းမျိုးစုံပါဝင်နေပြီး ယူနန်သည် အင်အားတင့်တောင့်သော ယဉ်ကျေးမှုပြည်နယ်ကြီးကို တည်ထောင်ရန် အဓိကအခြေခံအုတ်မြစ်ကို ချထားပါသည်။ တန်ဖိုးကြီးသော၊ ပျောက်ကွယ်တော့မည့် ယဉ်ကျေးမှုအမွေအနှစ်များကို ကယ်ဆယ်ရန်အတွက် ယူနန်သည် အထူးစီမံချက်အချို့ကို ဖော်ဆောင်ခဲ့သည်။ အထူးသီးသန့်ဌာနများတည်ထောင်ခြင်း၊ ပညာရှင်များမွေးထုတ်ပေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုများကို ဆက်တိုက်ထည့်သွင်းခြင်းဖြင့် အများစုသောတိုင်းရင်းသားစာတမ်းများ ရှေးစာပေများကို စနစ်တကျ မှတ်တမ်းပြုစုထားနိုင်အောင် လုပ်ဆောင်နေပါသည်။

မစုံလင်သော စစ်တမ်းကောက်ယူခြင်းမှ သိရသည်မှာ- ယခုအချိန်တွင် ယူနန်ပြည်နယ်သည် တိုင်းရင်းသားရှေးစာပေနှင့် နှုတ်ဖြင့်ဖြန့်ပွားသောစာပေများ သုတေသနသက်ဆိုင်ရာစာတမ်းများနှင့် စာတမ်းချုပ်ပေါင်းများအရေအတွက်ပမာဏသည် ထောင်ချီကျော်ထုတ်ဝေပြီဖြစ်သည်။ ပြည်တွင်းပြည်ပ သုတေသနအဖွဲ့အစည်းမျိုးစုံ၊ ပညာရှင်များစွာတို့သည် အဆက်မပြတ် ယူနန်သို့လာရောက်ပြီး တိုင်းရင်းသားယဉ်ကျေးမှုသုတေသနပြုလုပ်နေကြသည်။ နှစ်စဉ်နှစ်တိုင်းရလဒ်များကို အများပြည်သူထံသို့ဖြန့်ဝေခဲ့သည်။ ယူနန်သည် ကမ္ဘာ့အဆင့် တိုင်းရင်းသားယဉ်ကျေးမှုမျိုးရိုးဗီဇသိုက်ကြီးသဖွယ် ဖြစ်နေပေသည်။

သတင်းထောက် လီချိန်စိန်

# ခြောက်နိုင်ငံသည် လန်ချမ်းမြစ်မဲခေါင်မြစ်ခရီးသွားမြို့အား အကျိုးတူပူးပေါင်းမဟာမိတ်ဖွဲ့ကိုတည်ထောင်

လတ်တလောရက်ပိုင်းတွင် လန်ချမ်းမြစ်-မဲခေါင်မြစ်ခရီးသွားမြို့ အကျိုးတူပူးပေါင်းမဟာမိတ်ဖွဲ့ခြင်း လုပ်ဆောင်ချက် အားပေးဆောင်ရွက်ခြင်းအစည်းအဝေးပွဲကို ကူမင်းတွင်ကျင်းပခဲ့သည်။

မိတ်ဆက်ခြင်းအရသိရသည်မှာ- အဆိုပါအစည်းအဝေးသည် လန်ချမ်းမြစ်မဲခေါင်မြစ် အကျိုးတူပူးပေါင်းဆောင်ရွက်မှုအကြီးအကဲအရာရှိများ ပထမဦးဆုံးအကြိမ်အစည်းအဝေး အရေးပါရလဒ်နှင့် 《စန်ရကြေငြာစာတမ်း》-ခရီးသွားဖလှယ်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကို ပိုမိုခိုင်မာစေခြင်း၊ ခရီးသွားပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်လာစေခြင်း၊ ဒေသအတွင်းခရီးသွားလွယ်ကူရေးအဆင့်အတန်းကိုမြှင့်တင်ခြင်း၊ လန်ချမ်းမြစ်-မဲခေါင်မြစ် ခရီးသွားမြို့အကျိုးတူပူးပေါင်း မဟာမိတ်ဖွဲ့ခြင်း-အကြံပြုချက်များကို အတည်ပြုခြင်းပင်ဖြစ်ပေသည်။

အားပေးမှုအစည်းအဝေးတွင် ယူနန်ကိုယ်စားလှယ်များသည် အဆိုပြုချက်(၃)ချက်ကို ထုတ်ဖော်ခဲ့သည်။ ပထမအချက်မှာ မဟာမိတ်အဖွဲ့များထုတ်ဖော်ရွေးချယ်သောမြို့များအရ ပြည်တွင်းတွင် ယူနန်ခရီးသွားရေပန်းစားမြို့ကို အဓိကထားသည်။ ပြည်ပတွင် နိုင်ငံ(၅)နိုင်ငံ၏မြို့တော်နှင့် ခရီးသွားရေပန်းစားမြို့များကို အဓိကထားသည်ဟု စဉ်းစားပါမည်။ ဒုတိယအချက်မှာ နိုင်ငံအသီးသီး၏ ကောင်စစ်ဝန်ချုပ်များသည် မိမိနိုင်ငံပြည်တွင်းသက်ဆိုင်ရာဌာနများနှင့် ပိုပြီးဆက်ဆံညှိနှိုင်းရမည်။ တုံ့ပြန်ချက်များ၊ အကြံပြုမှုများကို ပြန်လည်ကောက်ယူရမည်ဖြစ်ပြီး အဆိုပြုတင်ခြင်း၊ ခွင့်ပြုခြင်း လုပ်ထုံးလုပ်နည်းများကို မြန်ဆန်စွာပြီးမြောက်အောင်ဆောင်ရွက်ရမည်ဖြစ်သည်။ တတိယအချက်မှာ ယမန်နှစ်တောင်အာရှကုန်စည်ပြပွဲကျင်းပသည့်ကာလအတွင်းတွင် နိုင်ငံခြားခရီးသွား အကျိုးတူပူးပေါင်းမှုဖိုရမ်ကို ကျင်းပရန်လျာထားခြင်းဖြစ်သည်။ ဖိုရမ်ကျင်းပချိန်ကာလအတွင်းတွင် မဟာမိတ်ဖွဲ့ခြင်းကြိုတင်ပြင်ဆင်မှုများကို ပြီးမြောက်အောင်ကြိုပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး အစည်းအဝေးတစ်ကြိမ်ကျင်းပမည်။ ယူနန်သည် မဲခေါင်မြစ်မြစ်ဝှမ်းဒေသခွဲ(၅)နိုင်ငံနှင့် ရင်းနှီးစွာဆက်ဆံချိတ်ဆက်ရန်အတွက် ဆန္ဒရှိပါသည်။ နိုင်ငံတကာအဖွဲ့အစည်း တည်ထောင်ခြင်းရည်ရွယ်ချက်အရ လန်ချမ်းမြစ်မဲခေါင်မြစ်ခရီးသွားမြို့ အကျိုးတူပူးပေါင်းဆောင်ရွက်မှုမဟာမိတ်ဖွဲ့ကို တွန်းအားပေးတည်ထောင်ခြင်းကို ပိုမိုလျင်မြန်လာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

လာအိုနိုင်ငံအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အဆင့်မြင့်အရာရှိ ရင်းနှီးမြှုပ်နှံမှုအဖွဲ့အုပ်ချုပ်သူ စစ်တီဝံစီချီဖနီသည် ယူနန်သို့(၄)ကြိမ်ရောက်ဖူးခဲ့သည်။ ယူနန်ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးမှုအပေါ် ခံစားချက်များစွာရှိပါသည်။ အခြားမဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများလို ယူနန်သည်လည်း ကမ္ဘာ့နာမည်ကျော်ခရီးသွားရှုခင်းသာဒေသဖြစ်သည်။ အဆိုပါဒေသ၏ ရာသီဥတု၊ ရှုမျှော်ခင်းများ၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာများ၊ နေထိုင်မှုပုံစံများစသည်တို့သည် ကမ္ဘာ့နေရာအနှံ့မှခရီးသွားဧည့်သည်တော်များကို ဆွဲဆောင်နေပါသည်။- ယူနန်ပြည်နယ်နှင့်မဲခေါင်မြစ်မြစ်ဝှမ်းဒေသနိုင်ငံများ၏ ခရီးသွားကဏ္ဍ အကျိုးတူပူးပေါင်းဆောင်ရွက်မှုရှေ့အလားအလာသည် ကောင်းမွန်ပါသည်။ အလွန်အရေးပါလှသည်။ ဘက်ပေါင်းစုံအကျိုးအမြတ်ဖြစ်ထွန်းမှုကို ရရှိနိုင်မည်ဟု သူကယုံကြည်ပါသည်။

ကူမင်းအခြေစိုက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများမှ ကောင်စစ်ဝန်ချုပ်များနှင့်ကောင်စစ်ဝန်များက အစည်းအဝေးသို့တက်ရောက်ခဲ့ကြပါသည်။

သတင်းထောက် ကျူဟိုင်

## လန်ချမ်းမြစ် – မဲခေါင်မြစ် ရေလမ်းကြောင်း ယူနန်ကျင်ဟုန်အပိုင်း (၁၂) နှစ်ကြာပြတ်တောက်သွားပြီးနောက် ရေယာဉ်များပြန်လည်သွားလာနိုင်ပြီ

ဒီဇင်ဘာလ(၁၈)ရက်နေ့တွင် ယူနန်ကျင်ဟုန် ရေအားလျှပ်စစ်ဌာနသည် တရုတ်နိုင်ငံပြည်တွင်းတီထွင်သော မူပိုင်ခွင့်ရရှိထားသော ရေအားသင်္ဘောမြင့်တင်စက်ကိုအသုံးပြုပြီး လန်ချမ်းမြစ်ရေကြောင်းလိုင်းပေါ်တွင် ပထမဦးဆုံးအကြိမ် ရေကာတာကို ဖြတ်သန်းခြင်းဖြစ်သည်။ ၎င်းသည် (၁၂)နှစ်ကြာပြတ်တောက်ခဲ့သော လန်ချမ်းမြစ်-မဲခေါင်မြစ်ရေကြောင်းလိုင်း ကျင်ဟုန်လမ်းပိုင်းပြန်လည်ပြင်ဆင်ပြီး နောက်ရေယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီဖြစ်သည်ကို ပေါ်လွင်စေပါသည်။

